**ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်**

**နိုင်ငံတော်ကောင်စီ**

# ၁၉၇၅ ခုနှစ်၊ နိုင်ငံတော်၏ ၁၉၇၅-၇၆ ခု၊ ဘဏ္ဍာရေးနှစ်အတွက် နောက်ထပ်ဘဏ္ဍာငွေအရ-အသုံး ဆိုင်ရာဥပဒေ

**[၁၉၇၅ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဥပဒေအမှတ် ၇]**

**ရန်ကုန်မြို့၊ ၁၃၃၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၀ ရက်။**

**(၁၉၇၅ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက်။)**

အောက်ဖော်ပြပါ ဥပဒေကို ထုတ်ပြန်ကြေညာသည်။

## နိဒါန်း

၁၉၇၅ ခုနှစ်၊ နိုင်ငံတော်၏ ဘဏ္ဍာငွေအရ-အသုံးဆိုင်ရာ ဥပဒေ (၁၉၇၅ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဥပဒေ အမှတ် ၅) အရ၊ ၁၉၇၅-၇၆ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ရာထားသော ရငွေများနှင့် ခွင့်ပြုထားသော သုံးငွေများအပြင်၊ နောက်ထပ်ရငွေများ ရာထားရန်နှင့် သုံးငွေများ ခွင့်ပြုရန် လိုအပ်သောကြောင့် ပြည်သူ့လွှတ်တော်သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)
## အမည်နှင့်အဓိပ္ပါယ်ဖော်ပြချက်

၁။ ဤဥပဒေကို **၁၉၇၅ ခုနှစ်၊ နိုင်ငံတော်၏ ၁၉၇၅-၇၆ ခု၊ ဘဏ္ဍာရေးနှစ်အတွက် နောက်ထပ် ဘဏ္ဍာငွေ အရ-အသုံးဆိုင်ရာဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပါယ်သက်ရောက် စေရ မည်-

(က) **နောက်ထပ်ရာထားသောရငွေ** ဆိုသည်မှာ ၁၉၇၅ ခုနှစ်၊ နိုင်ငံတော်၏ ဘဏ္ဍာငွေအရ-အသုံးဆိုင်ရာ ဥပဒေအရ ရာထားသော ရငွေများအပြင် နောက်ထပ် ရာထားသည့် ရငွေများကိုဆိုသည်။

(ခ) **နောက်ထပ်ခွင့်ပြုသောသုံးငွေ** ဆိုသည်မှာ ၁၉၇၅ ခုနှစ်၊ နိုင်ငံတော်၏ ဘဏ္ဍာငွေအရ-အသုံးဆိုင်ရာ ဥပဒေအရ၊ ခွင့်ပြုထားသည့် သုံးငွေများအပြင် နောက်ထပ်ခွင့်ပြုသည့် သုံးငွေများကို ဆိုသည်။

## အခန်း (၂)
## နောက်ထပ်ဘဏ္ဍာရံပုံငွေများကို စီမံခြင်းဆိုင်ရာပြဋ္ဌာန်းချက်

၃။ ဤဥပဒေတွင် ဖော်ပြထားသည့် နောက်ထပ် ရာထားသောရငွေနှင့် ပတ်သက်၍ စီမံစည်းကြပ်ကောက် ခံရာတွင်လည်းကောင်း၊ နောက်ထပ်ခွင့်ပြုသော သုံးငွေနှင့် ပတ်သက်၍ စီမံခန့်ခွဲရာတွင် လည်းကောင်း ၁၉၇၅ ခုနှစ်၊ နိုင်ငံတော်၏ ဘဏ္ဍာငွေအရ-အသုံးဆိုင်ရာ ဥပဒေအပိုင်း ၂၊ ဘဏ္ဍာရံပုံငွေအခန်း (၁)၊ ပြည်ထောင်စု၏ ဘဏ္ဍာရံပုံငွေနှင့် နိုင်ငံတော်၏ အာဏာပိုင်အဖွဲ့အစည်းများ၏ ဘဏ္ဍာရံပုံငွေနှင့် စပ်လျဉ်းသည့် ဖော်ပြချက်ပါအတိုင်း ဆောင်ရွက်ရမည်။

Myanmar Law Information System (MLIS)

၄။ (က) ဤဥပဒေပါ နောက်ထပ် ရာထားသော ရငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ် အသီးသီးသည် အောက်ပါဇယား (၁)၊ (၂)၊ (၃) နှင့် (၄) တို့တွင် မိမိနှင့်ယှဉ်တွဲ ဖော်ပြထားသည့်ရငွေကို စီမံစည်းကြပ်ကောက်ခံရမည်။

(ခ) ပုဒ်မခွဲ (က) ပါ တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား တာဝန်ပေးထားသည့် ရငွေကို စီမံစည်းကြပ်ကောက်ခံရန် မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လုပ်ပိုင်ခွင့် အပ်နှင်းနိုင်သည်။

(ဂ) ရငွေကို စီမံစည်းကြပ် ကောက်ခံရာတွင် ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ၁၉၇၅ ခုနှစ်၊ နိုင်ငံတော်၏ဘဏ္ဍာငွေအရ- အသုံးဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ရငွေအတွက် ပြဋ္ဌာန်းထားသည့် ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၅။ (က) ဤဥပဒေပါ နောက်ထပ်ခွင့်ပြုသော သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ် အသီးသီးသည် အောက်ပါဇယား (၁)၊ (၂)၊ (၃)နှင့် (၄) တို့တွင် မိမိနှင့် ယှဉ်တွဲဖော်ပြထားသည့် သုံးငွေ ကို စီမံခန့်ခွဲရမည်။

(ခ) ပုဒ်မခွဲ (က)ပါ တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား တာဝန်ပေးထားသည့် သုံးငွေကို စီမံခန့်ခွဲရန် မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လုပ်ပိုင်ခွင့် အပ်နှင်း နိုင်သည်။

(ဂ) သုံးငွေကို စီမံခန့်ခွဲရာတွင် ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ၁၉၇၅ ခုနှစ်၊ နိုင်ငံတော်၏ ဘဏ္ဍာငွေအရ- အသုံးဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ဘဏ္ဍာရေးနည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

(ပုံ) စန်းယု၊
ဥက္ကဋ္ဌ(ကိုယ်စား)၊
နိုင်ငံတော်ကောင်စီ၊
(ဗိုလ်ချုပ်ကြီးစန်းယု၊အတွင်းရေးမှူး၊နိုင်ငံတော်ကောင်စီ)။

အမိန့်အရ၊
(ပုံ)မြကျော်၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်၊
နိုင်ငံတော်ကောင်စီရုံး။

ရန်ကုန်မြို့၊ ၁၃၃၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၀ ရက်။
(၁၉၇၅ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက်)။

----- Attachment -----

Myanmar Law Information System (MLIS)

[ ပူးတွဲဖော်ပြသော စာရင်း 1 ] 01 ဇယား (၁) ပြည်သူ့လွှတ်တော်၊ နိုင်ငံတော်ကောင်စီနှင့် ပြည်သူ့ကောင်စီအဆင့်ဆင့်များ၊ ဝန်ကြီးအဖွဲ့၊ ပြည်သူ့တရားသူကြီးအဖွဲ့၊ ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့နှင့်ပြည်သူ့လုပ်ငန်းစစ်ဆေးရေးအဖွဲ့

[ ပူးတွဲဖော်ပြသော စာရင်း 2 ] 02 ဇယား (၂) ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ

[ ပူးတွဲဖော်ပြသော စာရင်း 3 ] 03 ဇယား (၃) ကော်ပိုရေးရှင်း၊ ကောင်စီ၊ ကော်မီတီနှင့်ဘဏ်စသည့်အဖွဲ့အစည်းများ

[ ပူးတွဲဖော်ပြသော စာရင်း 4 ] 04 ဇယား (၄) စည်ပင်သာယာရေးအဖွဲ့များ

Myanmar Law Information System (MLIS)